**ကရင်အမျိုးသမီး အစည်းအရုံး ( KWO) က နော်မုနော်နှင့် မိသားစုအတွက် တရားမျှတမှုကို တောင်းဆိုလိုက်သည်။**

ရက်စွဲ။ ၁၁၊ ၈၊ ၂၀၂၀

ကရင်အမျိုးသမီးအစည်းအရုံး(KWO)က ၂၀၂၀ခုနှစ်၊ ဇူလိုင်လ (၁၆)ရက်နေ့တွင် မြန်မာစစ်တပ်စစ်သားနှစ်ဦးက ကရင်အမျိုးသမီးနော်မုနော်ကို သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့သည့် လူသတ်မှုဖြစ်ပွားပြီးနောက်တွင် တရားမျှတမှုအတွက် မိမိတို့၏တောင်းဆိုထားမှုကို ထပ်မံဖြည့်စွက်တောင်းဆိုလိုက်သည်။ တာဝန်ရှိသောစစ်သားများကို စစ်ဘက်ဆိုင်ရာတရားရုံးများကတဆင့် လူသတ်မှု၊ အများပြည်သူအကြားမှုးယစ်ရမ်းကားမှု၊ ခွင့်မဲ့ပျက်ကွက်မှုနှင့် လက်နက်အလွဲသုံးမှုတို့ဖြင့် ပြစ်မှုထင်ရှားသောကြောင့် "အမြင့်ဆုံးအပြစ်ဒဏ်" ပေးခဲ့သည်ဟု မြန်မာ့တပ်မတော်က ဇူလိုင်လ (၃၁)ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။ သို့သော်လည်း သူတို့အပေါ်ချမှတ်သော ပြစ်ဒဏ်အသေးစိတ်နှင့်ပတ်သက်၍ မရှင်းမလင်းဖြစ်လျက်ကျန်ရစ်သည်။ အမှုကြားနာစီရင်မှုအပေါ်တွင် ပွင့်လင်းမြင်သာမှုရှိသင့်သည်။ စွဲဆိုချက်နှင့် ချမှတ်သည့်ပြစ်ဒဏ်များကို အများပြည်သူ အပြည့်အဝသိရှိနိုင်ခွင့်ရှိအောင် လုပ်ဆောင်ရမည်ဖြစ်သကဲ့သို့ ပြစ်ဒဏ်အပေါ် မည်သို့လုပ်ဆောင်သည်ကိုလည်း သိခွင့်ရှိရမည်။

နှစ်ပေါင်းများစွာကြာအောင်ပင် မြန်မာ့တပ်မတော်သည် မရေမတွက်နိုင်သောဖြစ်ရပ်များတွင် စစ်ဘက်ဆိုင်ရာတရားစီရင်ရေးစနစ်အောက်တွင် တရားမျှတသောပြစ်ဒဏ်ချမှတ်မှုမှာ ရှားရှားပါးပါးပင်ရှိခဲ့သည်။ ဤဆိုးဆိုးရွားရွားရာဇဝတ်ပြစ်မှုတွင် အများပြည်သူအပေါ် တာဝန်ခံမှုနည်းပါးခြင်းသည် နောက်ထပ်နမူနာတစ်ခုဖြစ်သည်။ သို့ဖြစ်၍ KWO က ဤအမှုကို ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေပုဒ်မ (၇၁)နှင့်အညီ အရပ်ဘက်တရားရုံးသို့ ချက်ချင်းလွှဲပြောင်းရန် တောင်းဆိုသည်။ အက်ဥပဒေအရ သူတို့သည် "လက်ရှိတွင် တာဝန်ထမ်းဆောင်နေဆဲ" မဟုတ်ပါက လူသတ်မှု၊ လူသေမှုနှင့် မုဒိမ်းမှုကျူးလွန်သော စစ်သားများကို စစ်ဘက်ဆိုင်ရာတရားရုံးတွင်မဟုတ်ပဲ အရပ်ဘက်ရာဇဝတ်တရားရုံးများတွင် တရားစီရင်ရန်လိုအပ်သည်။ သို့ဖြစ်ရာ မြန်မာ့တပ်မတော်အနေဖြင့် စစ်တပ်အား သူတို့ကျူးလွန်သောရာဇဝတ်မှုများအပေါ် တာဝန်ခံမှုရှိစေရန် ဤအမှုကို စွမ်းဆောင်နိုင်မှုရှိသောအရပ်ဘက်တရားရုံးတစ်ခုသို့ ကရင်ပြည်သူများသို့ ပွင့်လင်းမြင်သာမှုအပြည့်ဖြင့် ချက်ချင်းလွှဲပြောင်းရမည်။

ယခင်က မြန်မာ့တပ်မတော်သည် ရာဇဝတ်မှုများကျူးလွန်ရာတွင် တာဝန်ရှိသောစစ်သားများအား အခြားသောတပ်ရင်းများသို့ ပြောင်းရွှေ့ခြင်းဖြင့် အရေးယူခဲ့သည်။ ယင်းမှာ တရားမျှတမှုမဟုတ်ပေ။ စစ်သားများပြောင်းရွှေ့ခြင်းသည် တရားမျှတမှုကိုစွန့်ခွာခြင်းဖြစ်ပြီး ဥပဒေစိုးမိုးရေးအတွက်စွဲကိုင်ရန် ဒီဇိုင်းရေးဆွဲထားသော စံနှစ်များကို လှောင်ပြောင်သရော်ရာလည်းရောက်ပေသည်။ ထို့အပြင် ယင်းသည် စစ်သားများအား တူညီသောရာဇဝတ်

မှု သို့မဟုတ် ရာဇဝတ်မှုအသစ်ကျူးလွန်ခြင်းကိုလည်း တားမြစ်နိုင်ချေနည်းပါးပေသည်။ အခြေခံလူ့အခွင့်အရေးများကို အကြိမ်ကြိမ်ငြင်းပယ်ခြင်းသည် ချိုးဖောက်မှုများဖြစ်ပေါ်မှု  အားပေးသောစံနစ်များကို ပြောင်းလဲလိုသော ဆန္ဒနည်းပါးမှုကို ပြသနေသည်။

ဘေးကင်းလုံခြုံမှုကိုထိန်းသိမ်းရန်နှင့်  ဥပဒေစိုးမိုးမှုတွင် ယုံကြည်မှုကိုတည်ဆောက်ရန်အတွက် အရပ်သားများ၏တောင်းဆိုချက်များကို ထည့်သွင်းစဉ်းစားရန်လိုအပ်သည်။ မကြာသေးမီက မူတရော်ခရိုင်မှ ရွာသူရွာသား (၅၀၀၀) နီးပါး ဆန္ဒထုတ်ဖော်ပြီး ညောင်လေးပင်ခရိုင်မှ ရွာသူရွာသားများကလည်း တရားမျှတမှုအတွက် သူတို့ကျေးရွာအနီးရှိ  မြန်မာစစ်တပ်စခန်းများကိုဆုတ်ခွာရန် တောင်းဆိုချက်သည် ဒေသခံပြည်သူများက သူတို့၏စိတ်ပျက်မှုကို ထုတ်ဖော်ပြသသောနည်းလမ်းများအတွင်းမှ တစ်ခုဖြစ်သည်။

အမျိုးသမီးများ တိတ်တဆိတ်ချိုးဖောက်ကျူးလွန်ခံရပြီး သတ်ဖြတ်ခံရသည့်အချိန်များကျော်လွန်ခဲ့ပြီဟု KWO ကယုံကြည်သည်။ NLDအစိုးရနှင့် မြန်မာတပ်မတော်တို့အနေဖြင့် သူတို့၏တောင်းဆိုချက်များကို နားထောင်ပြီး ချက်ချင်းလုပ်ဆောင်ရန် လိုအပ်သည်။ စစ်တပ်သည် အရပ်သားများအားကာကွယ်ခြင်းမရှိပဲ သူတို့အားညှင်းပမ်းနှိပ်စက်နေသည်။ ယင်းသည်မှန်ကန်နေသမျှကာလပတ်လုံး စစ်တပ်သည် စစ်မှန်ပြီးအဓိပ္ပာယ်ရှိသောငြိမ်းချမ်းရေးကို လိုလားသည်ဟုဆိုသည်ကို ယုံကြည်ရန်မဖြစ်နိုင်ပေ။ ဤလူသတ်မှုကို အပြစ်မပေးပဲ ထား၍မရပါ။ မိမိတို့ တောင်းဆိုချက်ကို ကြားသိတုန့်ပြန်ရမည်။

**မီဒီယာ ဆက်သွယ်ရန်။**

နော်ကညောဖော +၆၆ ၈၁၀ ၂၉၅ ၅၀၃ (ကရင်နှင့် အင်္ဂလိပ်ဘာသာအတွက်)
နော်စေးစေးဟဲ +၆၆ ၈၉၂ ၆၆၈ ၅၇၃ (ကရင်နှင့် မြန်မာဘာသာအတွက်)